ဝဲမှူးတိုင်းမှူး(ဝေသကြီး)
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပြည်မြို့
အရပ်ရပ်အခွန်အရေးလိုင်စင်များ ရောင်းချသည့် ကြော်ငြာစာ
ကြော်ငြာစာအမှတ်( ၁ / ၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်
၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်

၁။ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်(၂၀၂၄ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၅ ခုနှစ် မတ်လ(၃၁)ရက်အထိ ၁နှစ်တာကာလ)အတွက် အရပ်ရပ် အခွန်အရေး လိုင်စင်များအား သက်တမ်းတိုးစနစ်/သားသတ်လိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်းဆောင်ရွက်ခြင်းစနစ် /ဈေးပြိုင်စနစ်တို့ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဖွဲ့မှသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသူမည်သူမဆို အောက်ပါ အစီအစဉ်အတိုင်း လာရောက်ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့် နေ့ရက်/အချိန် | လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | လေလံရောင်းချမည့် နေရာ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၅. ၁. ၂၀၂၄(တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၁၂. ၁. ၂၀၂၄ (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ | အမှုဆောင်အရာရှိ ရုံးခန်း (ပြည်စည်ပင်) |
| ၂ | ဒုတိယအကြိမ် | ၂၂. ၁. ၂၀၂၄(တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၁၉. ၁. ၂၀၂၄ (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ | အမှုဆောင်အရာရှိ ရုံးခန်း (ပြည်စည်ပင်) |
| ၃ | တတိယအကြိမ် | ၂၉. ၁. ၂၀၂၄(တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၂၆. ၁. ၂၀၂၄ (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ | အမှုဆောင်အရာရှိ ရုံးခန်း (ပြည်စည်ပင်) |
| ၄ | နိဂုံးတင်ဒါ | ၇. ၂. ၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀)နာရီ | ၆. ၂. ၂၀၂၄ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | အမှုဆောင်အရာရှိ ရုံးခန်း (ပြည်စည်ပင်) |
| ၅ | အခြားနည်း | ၁၄. ၂. ၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀)နာရီ | ၁၃. ၂. ၂၀၂၄ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | အမှုဆောင်အရာရှိ ရုံးခန်း (ပြည်စည်ပင်) |

၃။ လိုင်စင်ဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီမှသာ လိုင်စင်ဆွဲဝယ်ခွင့်ရှိရမည်-
(က) လိုင်စင်စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သူ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ အိမ်ထောင်စု၊ လူဦးရေ (လဝကပုံစံ ၆၆/၆)စာရင်းမူရင်းကိုပါ တင်ပြနိုင်သူဖြစ်ရမည်၊
(ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကိုတင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊
(ဂ ) အခွန်အခ ကြွေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်း နှင့်ပြဿနာကင်းရှင်းသူဖြစ်ရမည်၊
၄။ ကိုယ်စားလှယ်လွှဲစာ ( Special Power )ဖြင့် လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ

၅။ အောက်ပါပုဂ္ဂိုလ်များအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ၊

(က) နာမည်ပျက်စာရင်း တင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးငွေပေးဆောင်ရန်နှင့် အခြားအခွန်၊အခ၊အကောက်ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

၆။ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်(၂၀၂၄ခုနှစ် ဧပြီလ(၁)ရက်မှ၂၀၂၅ ခုနှစ် မတ်လ(၃၁) ရက်အထိ ၁နှစ်တာကာလ)အတွက် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လေလံတင် ရောင်းချ မည်ဖြစ်သောအရပ်ရပ်အခွင့်အရေးလိုင်စင်များအတွက် ကြိုတင် တင်သွင်းထားရှိရမည့် သတ်မှတ်ထား သောစားပွဲတင် အာမခံငွေများကို သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း နောက်ဆုံးထား၍ လေလံဆွဲဝယ်သူမှ ပြည်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပုဂ္ဂလိက စာရင်းရှင် အပ်ငွေဖွင့်လှစ် ၍ စားပွဲတင်အာမခံငွေအဖြစ်ပေးသွင်းရမည့်ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ၊ ရာထူး အမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့်(P.O.P)( Payment Order Private )ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင် အာမခံငွေတင်သွင်းမှု အထောက်အထားအဖြစ်တင်ပြရမည်။ နောက်ကျတင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ(P.O.P) (Payment Order Private) များအားလက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ လိုင်စင်ဆွဲဝယ်သူသည် လေလံကြေးကျပ် (၂၀)သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

၈။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်ကြာမှ ပြန်လည် ထုတ်ပေးမည်ဖြစ်ပြီး၊ လေလံအောင်မြင်သူများ ၏ ၎င်းအာမခံအပ်ငွေများကို လေလံစည်းကမ်း နှင့်အညီ ပေးသွင်းရမည့်လေလံကြေးမှခုနှိမ်၍ အာမခံ(၁၀ ပုံ ၁ ပုံ)နှင့်လိုင်စင်ကြေး ( ၅ပုံ ၁ပုံ) (သို့မဟုတ်) (၂ပုံ ၁ပုံ) (တိုင်းဒေသကြီးပြင်ပ)(သို့မဟုတ်) လိုင်စင်ကြေးအကြေပေးသွင်းငွေများကို(P.O.P)များ တွင် ပေးသွင်းရမည်၊အရစ်ကျလိုင် စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူ ဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက(၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၉။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား မူရင်းနှင့်မိတ္တူ၊

(ခ) အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနထောက်ခံချက် ၊စည်ပင် သာယာရေး ဆိုင်ရာအခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အခြားမြို့နယ်မှ ဖြစ်ပါက အမည်ပျက်စာရင်း တင်သွင်းကြေညာခံရသူ မဟုတ်ကြောင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့်အထောက်အထား ငွေထုတ်ယူခွင့်အမိန့်(P.O.P) (Payment Order Private)၊

(ယ) သက်ဆိုင်ရာလိုင်စင် တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်းမရှိသည့်မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊ အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ဥပဒေနှင့်အညီ နိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ (အိမ်မြေဂရံစာသည့်မူရင်း အထောက်အထားများ)(သို့)ဆွဲဝယ်ရရှိသူပိုင်ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်း၊

(ရ ) အာမခံတင်သွင်းသည့်(အဆောက်အဦး၊ အိမ်၊ မြေ)၏ ရှေ့၊နောက်၊ဝဲ/ယာ ဓါတ်ပုံ(၄)ပုံ၊

(လ ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦး၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဝ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့"တန်ဖိုးဖြတ်စိစစ်ရေးအဖွဲ့"၏စိစစ်တင်ပြချက် အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ မြေ၊ အိမ်၊ အဆောက်အဦး၏ ကာလတန်ဖိုးစိစစ်ချက်၊

(သ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

၁၀။ သတ်မှတ်ချိန် ထက်ကျော်လွန်နောက်ကျမှ တင်သွင်းလာသောလျှောက်လွှာများအားမည်သည့်အကြောင်းနှင့်မျှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လိုင်စင်ဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၂။ အခွင့်အရေးလိုင်စင်များ တစ်ခုခြင်းရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာအမည်စာရင်းတင်သွင်းသူကိုယ်တိုင်ဆွဲဝယ်ရမည်။မည်သည့် အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိကအလုပ်ဝတ္တရားနှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၃။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုခြင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအလိုက် သက်တမ်းတိုးစနစ်၊ သားသတ်လိုင်စင်များနှင့် ပတ်သက်၍ သီးခြားညွှန်ကြားချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်းဆောင်ရွက်ခြင်းစနစ်၊ ဈေးပြိုင်စနစ်များဖြင့်ရောင်းချသွားမည်ဖြစ်ပါသည်။တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ပုဂ္ဂိုလ် အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၄။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုခြင်းစီအား (၃)ကြိမ်ထက်မနည်းယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသောစားပွဲတင်အာမခံငွေကို အဖွဲ့ပိုင် အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်း တင်သွင်းသွားမည်။ သို့ရာတွင်(၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့်လေလံကြေးသည် ကြမ်းခင်းဈေး၏၅၀%နှင့်အထက်မြင့်တက်ပါက(၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၅။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက လေလံရောင်းချရေး အဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက်တစ်ကြိမ် ပြန်လည်ရောင်းချသွားမည်၊ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှတ်တွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၆။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူ နှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအား လိုင်စင်ဆွဲဝယ်ခွင့်ကိုရုတ်သိမ်းပြီး ၎င်းတို့အသီးသီးတင်သွင်းထားသော စားပွဲတင်အာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူမည်၊ထို့အပြင် ၎င်းတို့အားနာမည်ပျက်စာရင်းတင်သွင်းကြေညာမည်၊လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည်ရုတ်သိမ်း၍အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၇။ လိုင်စင်ဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လိုင်စင်ဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့်လေလံဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလေလံ စည်းကမ်းနှင့်မကိုက်ညီဘဲ မမှန်မကန်လိမ်ညာ၍ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုတ်သိမ်း၍စည်းကမ်းများနှင့်အညီ ပြန်လည်လေလံတင်ရောင်းချမည်၊ထို့အပြင်တင်သွင်းထားသော အာမခံငွေများကိုနိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်းတင်သွင်းသတ်မှတ်မည်။

၁၈။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပြည်မြို့ ဖုန်းအမှတ် ၀၅၃-၂၄၁၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(အောင်ခိုင် ၊ ဒုတိယညွှန်ကြားရေးမှူး )

စာအမှတ်၊ ၀၃၂ / ယ - ၂ / ပြည်(၀၀၀)
ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်

ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး
လိုင်စင်ဆွဲဝယ်သူများနှင့် လိုင်စင်ဆွဲဝယ်လေ့ရှိသူများ (အားလုံး)
ဈေးများ (အားလုံး)၏ ကြော်ငြာသင်ပုန်း

မိတ္တူကို
ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ -------------ရပ်ကွက်၊ ပြည်မြို့ (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန်)
ရုံးလက်ခံ
မျှောစာတွဲ

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | | | လိုင်စင်အမည် | လိုင်စင်အရေအတွက် | လိုင်စင်တစ်ခုချင်း ကြမ်းခင်းဈေး (ကျပ်သိန်း) | လိုင်စင်တစ်ခုချင်း တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|---|
| ၁ | | | ဈေးကောက်လိုင်စင်များ | | | |
| | ၁ | ၁ | အောင်မင်္ဂလာဈေးကောက် | ၁ | ၂၃၀. ၀၀ | ၁၁၅. ၀၀ |
| | ၂ | ၂ | မြို့သစ်ဈေးကောက် | ၁ | ၄၃၇. ၀၀ | ၂၁၈. ၅၀ |
| | ၃ | ၃ | ဈေးကြီးဈေးကောက် | ၁ | ၁၇၁. ၁၀ | ၈၅. ၅၅ |
| | ၄ | ၄ | ကသည်းဈေးကောက် | ၁ | ၈. ၁၀ | ၄. ၀၅ |
| | ၅ | ၅ | ကိုးသောင်းဈေးကောက် | ၁ | ၁၅၅. ၁၀ | ၇၇. ၅၅ |
| | ၆ | ၆ | ပေါင်းတလည်ဈေးကောက် | ၁ | ၁၂၇. ၀၀ | ၆၃. ၅၀ |
| | ၇ | ၇ | ဝက်ထီးကန်ဈေးကောက် | ၁ | ၉၁. ၃၀ | ၄၅. ၆၅ |
| | ၈ | ၈ | တီတွင်နွားပွဲဈေးကောက် | ၁ | ၄. ၀၀ | ၂. ၀၀ |
| ၂ | | | အခြားလိုင်စင်များ | | | |
| | ၉ | ၁ | ညဈေးတန်းစက်ဘီးရုံ | ၁ | ၅၈. ၃၀ | ၂၉. ၁၅ |
| | ၁၀ | ၂ | ကမ်းနားပန်းခြံစက်ဘီးရုံ | ၁ | ၄၉. ၅၀ | ၂၄. ၇၅ |
| | ၁၁ | ၃ | မြို့သစ်ဈေးစက်ဘီးရုံ | ၁ | ၃၇၆. ၂၀ | ၁၈၈. ၁၀ |
| | ၁၂ | ၄ | ဈေးကြီးစက်ဘီးရုံ | ၁ | ၅၂၄. ၀၀ | ၂၆၂. ၀၀ |
| | ၁၃ | ၅ | ကသည်းဈေးစက်ဘီးရုံ | ၁ | ၁၃. ၅၀ | ၆. ၇၅ |
| | ၁၄ | ၆ | ကိုးသောင်းဈေးစက်ဘီးရုံ | ၁ | ၄၅. ၁၀ | ၂၂. ၅၅ |
| | ၁၅ | ၇ | အောင်မင်္ဂလာဈေးစက်ဘီးရုံ | ၁ | ၅၇. ၀၀ | ၂၈. ၅၀ |
| | ၁၆ | ၈ | ပေါင်းတလည်ဈေးစက်ဘီးရုံ | ၁ | ၂၆. ၅၀ | ၁၃. ၂၅ |
| | ၁၇ | ၉ | တီတွင်နွားပွဲဈေးစက်ဘီးရုံ | ၁ | ၇. ၀၀ | ၃. ၅၀ |
| | ၁၈ | ၁၀ | ဝက်ထီးကန်ဈေးစက်ဘီးရုံ | ၁ | ၁၉. ၀၀ | ၉. ၅၀ |
| | ၁၉ | ၁၁ | ဗေဒါရို(ရွှေခင်းသာ)စက်ဘီးရုံ | ၁ | ၅၈. ၀၀ | ၂၉. ၀၀ |
| | ၂၀ | ၁၂ | တီတွင်နွားပွဲဈေး | ၁ | ၁၂၅. ၀၀ | ၆၂. ၅၀ |
| | ၂၀ | ၁၃ | အဝေးပြေးဂိတ်ဝင်ကြေး | ၁ | ၆၁၀. ၀၀ | ၃၀၅. ၀၀ |
| | ၂၂ | ၁၄ | အဝေးပြေးညအိပ်ခွန် | ၁ | ၄၄. ၀၀ | ၂၂. ၀၀ |
| | ၂၃ | ၁၅ | မော်တော်ယာဉ်ရပ်နားခွန် | ၁ | ၈၄. ၂၀ | ၄၂. ၁၀ |
| | ၂၄ | ၁၆ | ကမ်းနားပန်းခြံရေရောင်း | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၂၅ | ၁၇ | နဝဒေးကုန်တင်ကုန်ချဂိတ် ဝင်ကြေး | ၁ | ၃၉. ၁၀ | ၁၉. ၅၅ |
| ၃ | | | အိမ်သာဝင်ကြေးကောက် | | | |
| | ၂၆ | ၁ | ကိုးသောင်းဈေးအိမ်သာ | ၁ | ၉. ၂၀ | ၄. ၆၀ |
| | ၂၇ | ၂ | အဝေးပြေးဂိတ်အိမ်သာ | ၁ | ၁၁၂. ၂၀ | ၅၆. ၁၀ |
| | ၂၈ | ၃ | ပေါင်းတလည်ဈေးအိမ်သာ | ၁ | ၂၂. ၁၅ | ၁၁. ၀၈ |

မြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | | | လိုင်စင်အမည် | လိုင်စင် အရေအတွက် | လိုင်စင်တစ်ခုချင်း ကြမ်းခင်းဈေး (ကျပ်သိန်း) | လိုင်စင်တစ်ခုချင်း တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|---|
| ၁ | | | အပေါင်ဆိုင်လိုင်စင်များ | | | |
| | ၁ | ၁ | ဆံတော်အပေါင်ဆိုင်(၁) | ၁ | ၂၀. ၀၀ | ၁၀. ၀၀ |
| | ၂ | ၂ | ဆံတော်အပေါင်ဆိုင်(၅) | ၁ | ၁၆. ၀၁ | ၈. ၀၁ |
| | ၃ | ၃ | ဆံတော်အပေါင်ဆိုင်(၆) | ၁ | ၁၈. ၀၀ | ၉. ၀၀ |
| | ၄ | ၄ | ဆံတော်အပေါင်ဆိုင်(၇) | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၅ | ၅ | မူယာပင်အပေါင်ဆိုင်(၂) | ၁ | ၁၃. ၃၁ | ၆. ၆၆ |
| | ၆ | ၆ | အောင်ဆန်းအပေါင်ဆိုင်(၁) | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၇ | ၇ | နဝင်းအပေါင်ဆိုင်(၄) | ၁ | ၁၃. ၃၁ | ၆. ၆၆ |
| | ၈ | ၈ | နဝင်းအပေါင်ဆိုင်(၅) | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၉ | ၉ | နဝင်းအပေါင်ဆိုင်(၇) | ၁ | ၂၀. ၀၀ | ၁၀. ၀၀ |
| | ၁၀ | ၁၀ | နဝင်းအပေါင်ဆိုင်(၈) | ၁ | ၂၀. ၀၀ | ၁၀. ၀၀ |
| | ၁၁ | ၁၁ | နဝင်းအပေါင်ဆိုင်(၉) | ၁ | ၂၀. ၀၀ | ၁၀. ၀၀ |
| | ၁၂ | ၁၂ | ရွာဘဲအပေါင်ဆိုင်(၁) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၁၃ | ၁၃ | ရွာဘဲအပေါင်ဆိုင်(၂) | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၁၄ | ၁၄ | ရွာဘဲအပေါင်ဆိုင်(၁၂) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၁၅ | ၁၅ | ရွာဘဲအပေါင်ဆိုင်(၁၃) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၁၆ | ၁၆ | ရွာဘဲအပေါင်ဆိုင်(၁၄) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၁၇ | ၁၇ | ရွာဘဲအပေါင်ဆိုင်(၁၅) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၁၈ | ၁၈ | မြို့သစ်အပေါင်ဆိုင်(၁) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၁၉ | ၁၉ | မြို့သစ်အပေါင်ဆိုင်(၂) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၀ | ၂၀ | မြို့သစ်အပေါင်ဆိုင်(၃) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၂၁ | ၂၁ | မြို့သစ်အပေါင်ဆိုင်(၄) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၂၂ | ၂၂ | မြို့သစ်အပေါင်ဆိုင်(၅) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၃ | ၂၃ | မြို့သစ်အပေါင်ဆိုင်(၇) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၄ | ၂၄ | မြို့သစ်အပေါင်ဆိုင်(၈) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၅ | ၂၅ | မြို့သစ်အပေါင်ဆိုင်(၉) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၆ | ၂၆ | မြို့သစ်အပေါင်ဆိုင်(၁၀) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၇ | ၂၇ | မြို့သစ်အပေါင်ဆိုင်(၁၂) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၂၈ | ၂၈ | ရွှေကူအပေါင်ဆိုင်(၂) | ၁ | ၁၇. ၀၀ | ၈. ၅၀ |
| | ၂၉ | ၂၉ | ပေါင်းတလည်အပေါင်ဆိုင်(၂) | ၁ | ၁၃. ၀၁ | ၆. ၅၁ |

| စဉ် | | | လိုင်စင်အမည် | လိုင်စင် အရေအတွက် | လိုင်စင်တစ်ခုချင်း ကြမ်းခင်းဈေး (ကျပ်သိန်း) | လိုင်စင်တစ်ခုချင်း တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|---|
| | ၃၀ | ၃၀ | ပေါင်းတလည်အပေါင်ဆိုင်(၃) | ၁ | ၁၃. ၀၀ | ၆. ၅၀ |
| | ၃၁ | ၃၁ | ပေါင်းတလည်အပေါင်ဆိုင်(၆) | ၁ | ၁၂. ၀၀ | ၆. ၀၀ |
| | ၃၂ | ၃၂ | ဝက်ထီးကန်အပေါင်ဆိုင်(၁) | ၁ | ၁၄. ၀၀ | ၇. ၀၀ |
| | ၃၃ | ၃၃ | နဝဒေးအပေါင်ဆိုင်(၁) | ၁ | ၁၉. ၀၀ | ၉. ၅၀ |
| | ၃၄ | ၃၄ | နဝဒေးအပေါင်ဆိုင်(၃) | ၁ | ၁၉. ၀၀ | ၉. ၅၀ |
| | ၃၅ | ၃၅ | ရွှေသီးသန့်အပေါင်ဆိုင်(၁) | ၁ | ၁၆. ၁၀ | ၈. ၀၅ |
| | ၃၆ | ၃၆ | ရွှေသီးသန့်အပေါင်ဆိုင်(၂) | ၁ | ၁၆. ၁၀ | ၈. ၀၅ |
| | ၃၇ | ၃၇ | ဆင်စုအပေါင်ဆိုင်(၁) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၃၈ | ၃၈ | ဆင်စုအပေါင်ဆိုင်(၂) | ၁ | ၁၈. ၄၀ | ၉. ၂၀ |
| | ၃၉ | ၃၉ | ကျောင်းတိုးအပေါင်ဆိုင်(၁) | ၁ | ၂၀. ၀၀ | ၁၀. ၀၀ |
| | ၄၀ | ၄၀ | မှော်ဘအပေါင်ဆိုင် | ၁ | ၁၀. ၀၀ | ၅. ၀၀ |
| | ၄၁ | ၄၁ | ထန်းပေါက်အပေါင်ဆိုင်(၂) | ၁ | ၁၀. ၀၀ | ၅. ၀၀ |
| | ၄၂ | ၄၂ | ဝက်ထီးကန်ရွှေသီးသန့် | ၁ | ၁၂. ၁၅ | ၆. ၀၈ |
| | ၄၃ | ၄၃ | ဆင်စုအပေါင်ဆိုင်(၄) | ၁ | ၁၈. ၄၀ | ၉. ၂၀ |
| | ၄၄ | ၄၄ | ရွာဘဲအပေါင်ဆိုင်(၂၁) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၄၅ | ၄၅ | မြို့သစ်အပေါင်ဆိုင်(၁၆) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၄၆ | ၄၆ | ရွှေသီးသန့်အပေါင်ဆိုင်(၃) | ၁ | ၁၆. ၁၀ | ၈. ၀၅ |
| | ၄၇ | ၄၇ | မြို့သစ်အပေါင်ဆိုင်(၁၃) | ၁ | ၁၇. ၃၁ | ၈. ၆၆ |
| | ၄၈ | ၄၈ | ထန်းပေါက်အပေါင်ဆိုင်(၃) | ၁ | ၁၀. ၀၀ | ၅. ၀၀ |
| | ၄၉ | ၄၉ | နဝဒေးအပေါင်ဆိုင်(၄) | ၁ | ၁၉. ၀၀ | ၉. ၅၀ |
| | ၅၀ | ၅၀ | မြို့သစ်အပေါင်ဆိုင်(၁၇) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၅၁ | ၅၁ | ရွာဘဲအပေါင်ဆိုင်(၂၂) | ၁ | ၁၈. ၁၀ | ၉. ၀၅ |
| | ၅၂ | ၅၂ | ရွာဘဲအပေါင်ဆိုင်(၂၃) | ၁ | ၁၈. ၁၀ | ၉. ၀၅ |
| | ၅၃ | ၅၃ | ရွှေသီးသန့်အပေါင်ဆိုင်(၄) | ၁ | ၁၆. ၁၀ | ၈. ၀၅ |
| | ၅၄ | ၅၄ | ရွာဘဲအပေါင်ဆိုင်(၁၇) | ၁ | ၁၈. ၃၀ | ၉. ၁၅ |
| | ၅၅ | ၅၅ | နဝင်းအပေါင်ဆိုင်(၁၀) | ၁ | ၁၈. ၀၀ | ၉. ၀၀ |
| ၂ | | | တိမ်သာဝင်ကြေးကောက် | | | |
| | ၅၆ | ၁ | ဈေးကြီးတိမ်သာ | ၁ | ၆၄၀. ၀၀ | ၃၂၀. ၀၀ |
| | ၅၇ | ၂ | မြို့သစ်ဈေးတိမ်သာ | ၁ | ၂၃. ၁၀ | ၁၁. ၅၅ |
| | ၅၈ | ၃ | အောင်မင်္ဂလာဈေးတိမ်သာ | ၁ | ၄၁. ၀၀ | ၂၀. ၅၀ |
| | ၅၉ | ၄ | ကမ်းနားပန်းခြံတိမ်သာ | ၁ | ၁၂. ၀၀ | ၆. ၀၀ |

| စဉ် | | | လိုင်စင်အမည် | လိုင်စင် အရေအတွက် | လိုင်စင်တစ်ခုချင်း ကြမ်းခင်းဈေး (ကျပ်သိန်း) | လိုင်စင်တစ်ခုချင်း တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|---|
| ၇ | | | မြို့နယ်ဝင်ကြေးဘီးကောက် | | | |
| | ၆၀ | ၁ | နဝဒေးမြို့နယ်ဝင်ကြေးဘီးကောက် | ၁ | ၃၅၄.၀၀ | ၁၇၇.၀၀ |
| | ၆၁ | ၂ | ဆင်ဖုမြို့နယ်ဝင်ကြေးဘီးကောက် | ၁ | ၈၃၈.၀၀ | ၄၁၉.၀၀ |
| | ၆၂ | ၃ | မုယာပင်မြို့နယ်ဝင်ကြေးဘီးကောက် | ၁ | ၈၁၈.၀၀ | ၄၀၉.၀၀ |